<UNICODE>

#COMETOMYANMAR Video Contest 2019 ဆိုတာဘာလဲ?

#COMETOMYANMAR Video Contest 2019 ဆိုတာ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar)  ရဲ့ခရီးသွားလာရေးလုပ်ငန်းအဖွဲ့ဝင်များကော်မတီ (Tourism Members Committee) နဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း (Myanmar Tourism Marketing Association) တို့ပူးပေါင်းပြီး စီစဉ် ကျင်းပတဲ့ 3မိနစ်ထိ အများဆုံးရိုက်ကူးနိုင်တဲ့ Short Video ပြိုင်ပွဲတစ်ခု ဖြစ်ပါတယ်။

ဘာရည်ရွယ်ချက်နဲ့ ဒီပြိုင်ပွဲကို လုပ်ပေးတာလဲ?

ပြိုင်ပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ၃မိနစ်စာ ဗီဒီယိုလေးတွေနဲ့ မြန်မာနိုင်ငံရဲ့အလှအပကို ထင်ဟပ်ဖော်ပြပြီး နိုင်ငံခြားသာခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံကို လာရောက်လည်ပတ်ချင်အောင်ဆွဲဆောင်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍကို တဖက်တလမ်းက မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။

ဘယ်သူတွေပြိုင်လို့ရလဲ?

အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။

ဘယ်လိုပြိုင်ရမှာလဲ?

ပြိုင်ပွဲက ကဏ္ဍ (၄) ခု ခွဲထားပါတယ်။

1. You’re Welcome
2. It’s unique
3. What’s New?
4. My Day in Myanmar

အဲ့ ကဏ္ဍ (၄)ခုအကြောင်း အသေးစိတ်သိချင်တယ်ဆိုရင် ဒီ website စာမျက်နှာထဲ (https://www.ccifrance-myanmar.org/en/event/cometomyanmar-video-contest-2019) သွားပြီး Terms & Conditions ကို ဒေါင်းလုတ်ဆွဲပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနဲ့ သတ်မှတ်ချက်များကို ဖတ်ရှုနိုင်ပါတယ်။ အဲ့ဒီ Website စာမျက်နှာမှာပဲ Registration Form ကို ဒေါင်းလုတ်ဆွဲပြီး ရယူနိုင်ပါတယ်။ Terms & Conditions နဲ့ Registration Form တခုစီကို English လိုရယ်၊ မြန်မာ (ယူနီကုတ်) ရယ်၊ မြန်မာ (ဇော်ဂျီ) ဘာသာစကား၃မျိုး (မြန်မာ၁ဘာသာတည်းတင် ၂မျိုး) တင်ပေးထားပါတယ်။ Form Submission လုပ်တဲ့ အခါကျရင် မိမိနှစ်သက်ရာ ဘာသာစကားတမျိုးအတွက်သာ Registration Form အတွက် လက်မှတ်ထိုးထားတာ တစောင်၊ Terms & Conditions ကို သဘောတူညီကြောင်း လက်မှတ်ထိုးထားတာ တစောင် ပြန်လည်ပေးပို့ရမှာ ဖြစ်ပါတယ်။

Form တင်ရမှာ ဘယ်နေ့ နောက်ဆုံးလဲ?

နိုဝင်ဘာ လ ၁၅ ရက်နေ့ ညနေ ၆နာရီ မတိုင်ခင် အောက်ပါတို့ကို စုံလင်စွာဖြင့် communication@ccifrance-myanmar.org ကို ပြန်လည်ပေးပို့ရပါမယ်။

• 	လက်မှတ်ထိုးထားသော Registration Form

• 	လက်မှတ်ထိုးထားသော Terms & Conditions

• 	ယေဘူယျ အသုံးပြုလေ့ရှိသော Video Format ဖြစ်သည့် (.mp4, .avi, .mkv, .mov, .wmv) ဖြင့် ရိုက်ကူးထားသော အများဆုံး ၃မိနစ်ထိ ရိုက်ကူးထားသော ဗီဒီယိုအတိုတစ်ပုဒ်။

• 	ရှေ့နောက်စာမျက်နှာ ၂ခုလုံးပါသော ၁၈နှစ်ပြည့် မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်မိတ္တူ

(မကြာသေးမီက ၁၈နှစ် ပြည့်ပြီး၍ ၁၈နှစ်ပြည့် မှတ်ပုံတင်လျှောက်ထားဆဲသူများသည် ၁၀နှစ်ပြည့် မှတ်ပုံတင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။)

Email ကနေပဲ ဖောင်တင်ရမှာ ဖြစ်တဲ့ အတွက် ကြည်လင်ပြတ်သားစွာ scan ဖတ်ပြီး ပေးပို့ရမှာ ဖြစ်ပါတယ်။ Color Scan ဖတ်ပြီးပို့ရင် ပို အဆင်ပြေပါတယ်။ ဗီဒီယိုကို Google Drive (သို့မဟုတ်) www.wetransfer.com တို့ကနေအေးပို့နိုင်ပါတယ်။ အရေးအကြီးဆုံးက ဗီဒီယိုအားလုံးမှာ English Subtitles ပါရမှာ ဖြစ်ပါတယ်။

ဗီဒီယိုက ကင်မရာနဲ့ပဲ ရိုက်ရမှာလား ဖုန်းနဲ့ရော မရဘူးလား

ဘယ် Device နဲ့ပဲ ရိုက်ရမယ်လို့ ကန့်သတ်ထားတာ မရှိပါဘူး။ ဒါပေမယ့် ကြည်လင်ပြတ်သားမှုကတော့ အကဲဖြတ်တဲ့ နေရာမှာ အရေးပါတဲ့ အတွက်ကြောင့် 1080p Resolution ဖြစ်ရင်အကောင်းဆုံးပါပဲ။

ဘာဆုတွေပေးမှာလဲ

အပေါ်မှာ ပြောခဲ့တဲ့ ကဏ္ဍလေးခု တခုချင်းစီကို အကောင်းဆုံးတဆုစီကို ရွေးချယ် ဆုချီးမြှင့်မှာ ဖြစ်ပါတယ် ဒါ့အပြင် ကဏ္ဍအားလုံးက ပြိုင်ပွဲဝင်အားလုံး လက်ရည်ညီတပြင်တည်း ယှဉ်ပြိုင်ရမယ့် အကဲဖြတ်တွေက ရွေးပေးတဲ့ Grand Prize နဲ့ ပရိသတ်က Vote လုပ်ပေးတဲ့ Public’s Choice Award တို့ပါဝင်ဦးမှာ ဖြစ်ပါတယ်။ Public’s Choice Award အတွက် ပြိုင်ပွဲဗီဒီယိုအစုံကို လက်ခံရရှိပြီးတဲ့ နိုဝင်ဘာ လ ၁၅ ရက်နေ့ ညနေ ၆နာရီ နောက်ပိုင်းမှာ CCI France Myanmar နှင့် အကဲဖြတ်လူကြီးများက စစ်ဆေးပြီး #cometomyanmar ဆိုပြီး အများပြည်သူ vote လို့ရအောင် တင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၄ရက် ညနေ ၆နာရီအထိ Vote လို့ရမှာ ဖြစ်ပါတယ်။ Voting အတွက် ရှင်းလင်းချက်များကို အနားနီးတော့မှ ထပ်မံအသေးစိတ်ရှင်းပြပေးသွားပါ့မယ်။ ဆုတွေထဲမှာ အမြင့်ဆုံးက Grand Prize ဖြစ်ပြီး စင်ကာပူမှာ နာရီ ၂၀စာ Basic Short Film Production သွားရောက်တက်ခွင့်၊ အဲ့မှာ တက်ဖို့အတွက် Singapore Airlines က ချီးမြှင့်တဲ့ အသွားအပြန် လေယာဉ်လက်မှတ်၊ Canon က ပေးတဲ့ EOS 80D ကင်မရာတလုံး နဲ့ အခြားသော စိတ်ဝင်စားစရာ ဆုများစွာ ပါဝင်ပါတယ်။

1. 	Grand Prize အတွက် ဆု ခံစားခွင့်များ

https://www.facebook.com/101053271291452/posts/104344674295645/

2. 	You’re Welcome အတွက် ဆု ခံစားခွင့်များ

https://www.facebook.com/101053271291452/posts/105441674185945/

3. 	It’s unique အတွက် ဆု ခံစားခွင့်များ

https://www.facebook.com/101053271291452/posts/106064354123677/

4. What's New? အတွက် ဆု ခံစားခွင့်များ

https://www.facebook.com/101053271291452/posts/107193110677468/

5. My Day in Myanmar အတွက် ဆု ခံစားခွင့်များ

https://www.facebook.com/101053271291452/posts/107923563937756/

တခြားရော ဘာတွေသိထားရဦးမလဲ

Social Media ကနေ တကမ္ဘာလုံး သိအောင် ထုတ်လွှင့်သွားမှာ ဖြစ်တာကြောင့် မူပိုင်ခွင့်ကိစ္စကို အလွန်တင်းကြပ်ထားပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ညီအောင် Terms & Conditions ကို ပြင်ဆင်ထားတာမို့လို့ Terms & Conditions ဖတ်ပြီး လန့်မသွားပါနဲ့နော်။ မိမိကိုယ်တိုင်ရိုက်ကူးထုတ်လုပ်တာဖြစ်နေသမျှ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အကျုံးဝင်ပါတယ်။

ဆုပေးပွဲ အခမ်းအနားကိုတော့ CCI France Myanmar ရဲ့နှစ်ပတ်လည် ညစာစားပွဲ (Makers Night 2019) မှာ Young Entrepreneurs Awards 2019 ဆုပေးပွဲနှင့်အတူ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီပို့စ်ကို ဖတ်ပြီးတဲ့အခါ မေးချင်တဲ့ မေးခွန်းလေးများ ပေါ်လာခဲ့မယ်ဆို 09-425 450 546 ကို မနက် ၉ နာရီကနေ ညနေ ၅နာရီအတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။ ဒါမှမဟုတ် communication@ccifrance-myanmar.org ကို အီးမေးပို့ပေးထားရင်လည်း ပြန်လည်ဖြေကြားပေးပါ့မယ်။

ကဲ ၂၀၁၉ နိုဝင်ဘာ ၁၅ ရက်မတိုင်ခင်ထိ အချိန်ရှိသေးတယ်နော်။ ပြိုင်ပွဲဝင်ပြိုင်ရုံနဲ့ ဆု မရရင်တောင် ကိုယ့်နိုင်ငံအတွက် ခရီးသွားကဏ္ဍကို မြှင့်တင်ပြီးသားလည်း ဖြစ်မယ်၊ ကိုယ့် video လေးကိုလည်း on air လွှင့်ခွင့်ရမယ်။ ဆုသာရခဲ့ရင်တော့ အတိုင်းထက်အလွန်ပေါ့။

<ZAWGYI>

#COMETOMYANMAR Video Contest 2019 ဆိုတာဘာလဲ?

#COMETOMYANMAR Video Contest 2019 ဆိုတာ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) ရဲ့ ခရီးသွားလာရေးလုပ်ငန်းအဖွဲ့ဝင်များကော်မတီ (Tourism Members Committee) နဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း (Myanmar Tourism Marketing Association) တို့ပူးပေါင်းပြီး စီစဉ်ကျင်းပတဲ့ 3မိနစ်ထိ အများဆုံးရိုက်ကူးနိုင်တဲ့ Short Video ပြိုင်ပွဲတစ်ခု ဖြစ်ပါတယ်။

ဘာရည်ရွယ်ချက်နဲ့ ဒီပြိုင်ပွဲကို လုပ်ပေးတာလဲ?

ပြိုင်ပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ၃မိနစ်စာ ဗီဒီယိုလေးတွေနဲ့ မြန်မာနိုင်ငံရဲ့ အလှအပကို ထင်ဟပ်ဖော်ပြပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံကို လာရောက်လည်ပတ်ချင်အောင်ဆွဲဆောင်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍကို တဖက်တလမ်းက မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။

ဘယ်သူတွေပြိုင်လို့ရလဲ?

အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။

ဘယ်လိုပြိုင်ရမှာလဲ?

ပြိုင်ပွဲက ကဏ္ဍ (၄) ခု ခွဲထားပါတယ်။

1. You're Welcome
2. It's unique
3. What's New?
4. My Day in Myanmar

အဲ့ ကဏ္ဍ (၄)ခုအကြောင်း အသေးစိတ်သိချင်တယ်ဆိုရင် ဒီwebsite စာမျက်နှာထဲ (https://www.ccifrance-myanmar.org/en/event/cometomyanmar-video-contest-2019) သွားပြီး Terms & Conditions ကို ဒေါင်းလုတ်ဆွဲပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနဲ့ သတ်မှတ်ချက်များကို ဖတ်ရှုနိုင်ပါတယ်။ အဲ့ဒီ Website စာမျက်နှာမှာပဲ Registration Form ကို ဒေါင်းလုတ်ဆွဲပြီး ရယူနိုင်ပါတယ်။ Terms & Conditions နဲ့ Registration Form တခုစီကို English လိုရယ်၊ မြန်မာ (ယူနီကုတ်) ရယ်၊ မြန်မာ (ဇော်ဂျီ) ဘာသာစကား၃မျိုး (မြန်မာဘာသာတည်းတင် ၂မျိုး) တင်ပေးထားပါတယ်။ Form Submission လုပ်တဲ့ အခါကျရင် မိမိနှစ်သက်ရာ ဘာသာစကားတမျိုးအတွက်သာ Registration Form အတွက် လက်မှတ်ထိုးထားတာ တစောင်၊ Terms & Condition ကို သဘောတူညီကြောင်း လက်မှတ်ထိုးထားတာ တစောင် ပြန်လည်ပေးပို့ရမှာ ဖြစ်ပါတယ်။

Form တင်ရမှာ ဘယ်နေ့ နောက်ဆုံးလဲ?

နိုဝင်ဘာ လ ၁၅ ရက်နေ့ ညနေ ၆နာရီ မတိုင်ခင် အောက်ပါတို့ကို စုံလင်စွာဖြင့် communication@ccifrance-myanmar.org ကို ပြန်လည်ပေးပို့ရပါမယ်။

- လက်မှတ်ထိုးထားသော Registration Form
- လက်မှတ်ထိုးထားသော Terms & Conditions
- ယေဘူယျ အသုံးပြုလေ့ရှိသော Video Format ဖြစ်သည့် (.mp4, .avi, .mkv, .mov, .wmv) ဖြင့် ရိုက်ကူးထားသော အများဆုံး ၃မိနစ်ထိ ရိုက်ကူးထားသော ဗီဒီယိုအတိုတစ်ပုဒ်။
- ရှေ့နောက်စာမျက်နှာ ၂ခုလုံးပါသော ၁၈နှစ်ပြည့် မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်မိတ္တူ။ (မကြာသေးမီက ၁၈နှစ် ပြည့်ပြီး၍ ၁၈နှစ်ပြည့် မှတ်ပုံတင်လျှောက်ထားဆဲသူများသည် ၁၀နှစ်ပြည့် မှတ်ပုံတင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။)

Email ကနေပဲ ဖောင်တင်ရမှာ ဖြစ်တဲ့ အတွက် ကြည်လင်ပြတ်သားစွာ scan ဖတ်ပြီး ပေးပို့ရမှာ ဖြစ်ပါတယ်။ Color Scan ဖတ်ပြီးပို့ရင် ပို အဆင်ပြေပါတယ်။ ဗီဒီယိုကို Google Drive (သို့မဟုတ်) www.wetransfer.com တို့ကနေအေးပို့နိုင်ပါတယ်။ အရေးအကြီးဆုံးက ဗီဒီယိုအားလုံးမှာ English Subtitles ပါရမှာ ဖြစ်ပါတယ်။

ဗီဒီယိုက ကင်မရာနဲ့ပဲ ရိုက်ရမှာလား ဖုန်းနဲ့ရော မရဘူးလား

ဘယ် Device နဲ့ပဲ ရိုက်ရမယ်လို့ ကန့်သတ်ထားတာ မရှိပါဘူး။ ဒါပေမယ့် ကြည်လင်ပြတ်သားမှုကတော့ အကဲဖြတ်တဲ့ နေရာမှာ အရေးပါတဲ့ အတွက်ကြောင့် 1080p Resolution ဖြစ်ရင်အကောင်းဆုံးပါပဲ။

ဘာဆုတွေပေးမှာလဲ

အပေါ်မှာ ပြောခဲ့တဲ့ ကဏ္ဍလေးခု တခုချင်းစီကို အကောင်းဆုံးတဆုစီကို ရွေးချယ် ဆုချီးမြှင့်မှာ ဖြစ်ပါတယ် ဒါ့အပြင် ကဏ္ဍအားလုံးက ပြိုင်ပွဲဝင်အားလုံး လက်ရည်ညီတပြင်တည်း ယှဉ်ပြိုင်ရမယ့် အကဲဖြတ်တွေက ရွေးပေးတဲ့ Grand Prize နဲ့ ပရိသတ်က Vote လုပ်ပေးတဲ့ Public's Choice Award တို့ပါဝင်ဦးမှာ ဖြစ်ပါတယ်။ Public's Choice Award အတွက်

ပြိုင်ပွဲဗီဒီယိုအစုံကို လက်ခံရရှိပြီးတဲ့ နိုဝင်ဘာ လ ၁၅ ရက်နေ့ ညနေ ၆နာရီ နောက်ပိုင်းမှာ CCI France Myanmar နှင့် အကဲဖြတ်လူကြီးများက စစ်ဆေးပြီး #cometomyanmar ဆိုပြီး အများပြည်သူ vote လို့ ရအောင် တင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီဇင်ဘာ ၄ရက် ညနေ ၆နာရီအထိ Vote လို့ရမှာ ဖြစ်ပါတယ်။ Voting အတွက် ရှင်းလင်းချက်များကို အနားနီးတော့မှ ထပ်မံအသေးစိတ်ရှင်းပြပေးသွားပါ့မယ်။ ဆုတွေထဲမှာ အမြင့်ဆုံးက Grand Prize ဖြစ်ပြီး စင်ကာပူမှာ နာရီ ၂၀စာ Basic Short Film Production သွားရောက်တက်ခွင့်၊ အဲ့မှာ တက်ဖို့အတွက် Singapore Airlines က ချီးမြှင့်တဲ့ အသွားအပြန် လေယာဉ်လက်မှတ်၊ Canon က ပေးတဲ့ EOS 80D ကင်မရာတလုံး နဲ့ အခြားသော စိတ်ဝင်စားစရာ ဆုများစွာ ပါဝင်ပါတယ်။

1. Grand Prize အတွက် ဆု ခံစားခွင့်များ
   https://www.facebook.com/101053271291452/posts/104344674295645/
2. You're Welcome အတွက် ဆု ခံစားခွင့်များ
   https://www.facebook.com/101053271291452/posts/105441674185945/
3. It's unique အတွက် ဆု ခံစားခွင့်များ
   https://www.facebook.com/101053271291452/posts/106064354123677/
4. What's New? အတွက် ဆု ခံစားခွင့်များ
   https://www.facebook.com/101053271291452/posts/107193110677468/
5. My Day in Myanmar အတွက် ဆု ခံစားခွင့်များ
   https://www.facebook.com/101053271291452/posts/107923563937756/

တခြားရော ဘာတွေသိထားရဦးမလဲ

Social Media ကနေ တကမ္ဘာလုံး သိအောင် ထုတ်လွှင့်သွားမှာ ဖြစ်တာကြောင့် မူပိုင်ခွင့်ကိစ္စကို အလွန်တင်းကြပ်ထားပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ညီအောင် Terms & Conditions ကို ပြင်ဆင်ထားတာမို့လို့ Terms & Conditions ဖတ်ပြီး လန့်မသွားပါနဲ့နော်။ မိမိကိုယ်တိုင်ရိုက်ကူးထုတ်လုပ်တာဖြစ်နေသမျှ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အကျုံးဝင်ပါတယ်။

ဆုပေးပွဲ အခမ်းအနားကိုတော့ CCI France Myanmar ရဲ့ နှစ်ပတ်လည် ညစာစားပွဲ (Makers Night 2019) မှာ Young Entrepreneurs Awards 2019 ဆုပေးပွဲနှင့်အတူ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီပို့စ်ကို ဖတ်ပြီးတဲ့အခါ မေးချင်တဲ့ မေးခွန်းလေးများ ပေါ်လာခဲ့မယ်ဆို 09-425 450 546 ကို မနက် ၉ နာရီကနေ ညနေ ၅နာရီအတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။ ဒါမှမဟုတ် communication@ccifrance-myanmar.org ကို အီးမေးပို့ပေးထားရင်လည်း ပြန်လည်ဖြေကြားပေးပါ့မယ်။

ကဲ ၂၀၁၉ နိုဝင်ဘာ ၁၅ ရက်မတိုင်ခင်ထိ အချိန်ရှိသေးတယ်နော်။ ပြိုင်ပွဲဝင်ပြိုင်ရုံနဲ့ ဆု မရရင်တောင် ကိုယ့်နိုင်ငံအတွက် ခရီးသွားကဏ္ဍကို မြှင့်တင်ပြီးသားလည်း ဖြစ်မယ်၊ ကိုယ့် video လေးကိုလည်း on air လွှင့်ခွင့်ရမယ်။ ဆုသာရခဲ့ရင်တော့ အတိုင်းထက်အလွန်ပေါ့။